# ပိုမိုကောင်းမွန်တဲ့ စီးပွားရေးဆိုင်ရာ အလေ့အထများ

P. ၃၀ - ၃၅




မြန်မာ့ဩဘာလုပ်ငန်းစု၏ အောင်မြင်တိုးတက်မှုသည် သဘာဝတရားနှင့် လူမှုဂေဟစနစ်ပေါ်တွင် မူတည်နေသည်။ ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို အတတ်နိုင်ဆုံး လျှော့ချပြီး မြန်မာ့စီးပွားရေးနှင့် လူထုအပေါ် အကျိုးရှိနိုင်မည့် လူမှုစီးပွားဆိုင်ရာ လုပ်ဆောင်ချက်များကို တိုးမြှင့်ရမည်ဖြစ်ပြီး တာဝန်ယူမှုရှိပြီး ပွင့်လင်းမြင်သာမှုရှိသော ကုမ္ပဏီဖြစ်စေရန် ရည်ရွယ်ပါသည်။

# ပိုမိုကောင်းမွန်တဲ့ စီးပွားရေးဆိုင်ရာ အလေ့အထများ

## သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကိုစီမံခန့်ခွဲခြင်း

မြန်မာ့သြဘာလုပ်ငန်းစုသည် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးလျက် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့် ရေကို အသုံးပြု၍ ထုတ်ကုန်များ ထုတ်လုပ်ပါသည်။ ISO 14001:2015 စံနှုန်းများကို လိုက်နာပြီး သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများကို လျှော့ချရန် အဆင့်မြင့်ရေဆိုးသန့်စင်စက်ရုံကို တည်ဆောက်ထားပါသည်။ မြန်မာ့သြဘာလုပ်ငန်းစုသည် အန္တရာယ်ရှိသော ကုန်ပစ္စည်း ၂၀၀ ကျော်အား စီမံခန့်ခွဲရန် ရှင်းလင်းသော မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ထားပြီး ဘေးကင်းလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များကို ရေးသားထားသည့် စာရွက်များဖြင့် စနစ်တကျ ထိန်းသိမ်းထားပါသည်။

မြန်မာ့သြဘာလုပ်ငန်းစုသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) ၏ လမ်းညွှန်ချက်များနှင့်အညီ လေထုထဲသို့ ထုတ်လွှတ်သော အခိုးအငွေ့များကို စောင့်ကြည့်တိုင်းတာပါသည်။ အစိုးရမဟုတ်သော တတိယအဖွဲ့အစည်းမှ ကျွန်ုပ်တို့၏ စောင့်ကြည့်မှုများကို ပုံမှန်အကဲဖြတ်စစ်ဆေးပြီး ECD သို့ အစီရင်ခံတင်ပြသည်။

မော်ဘီရှိ ကျွန်ုပ်တို့၏ အဓိကစက်မှုလုပ်ငန်းစုသည် အန္တရာယ် အများဆုံးရှိသော နေရာဖြစ်သောကြောင့်၊ ဒေသခံအသိုင်းအဝိုင်းများကို အသိပေးရန် Facebook စာမျက်နှာမှတစ်ဆင့် စွန့်ပစ်ရေ ထုတ်လွှတ်မှုရလဒ်များကို နှစ်လတစ်ကြိမ် မျှဝေပါသည်။ ၂၀၂၄ ခုနှစ်တွင် လေထုညစ်ညမ်းမှုနှင့် ပတ်သက်သော မည်သည့်အခြေအနေမျိုးမှ မဖြစ်ပေါ်ခဲ့ပါ။

**စွန့်ပစ်ရေအရည်အသွေးစောင့်ကြည့်ခြင်း (ဇန်နဝါရီလ၊ ၂၀၂၄)**

| ရက်စွဲ | ဓာတုအောက်ဆီဂျင်လိုအပ်ချက် (COD) | | ချဉ်ငံကိန်း (pH) | | | ဇီဝအောက်ဆီဂျင်လိုအပ်ချက် (BOD) | | ဆီနှင့်ချောဆီ | | ဆိုင်းကြွအနည် (TSS) | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ရလဒ် (COD-mg/l) | စံသတ်မှတ်ချက် (COD-mg/l) | ရလဒ် (pH) | စံသတ်မှတ်ချက် (pH) (အများဆုံး) | စံသတ်မှတ်ချက် (pH) (အနည်းဆုံး) | ရလဒ် (BOD-mg/l) | စံသတ်မှတ်ချက် (BOD-mg/l) | ရလဒ် (mg/l) | စံသတ်မှတ်ချက် (mg/l) | ရလဒ် (TSS) | စံသတ်မှတ်ချက် (TSS) |
| 1.1.2024 | 100 | 150 | 7.51 | 9 | 6 | 9 | 30 | NT | 10 | Nil | 20 |
| 5.1.2024 | 81 | 150 | 7.44 | 9 | 6 | | 30 | NT | 10 | Nil | 20 |
| 6.1.2024 | 80 | 150 | 7.44 | 9 | 6 | | 30 | NT | 10 | Nil | 20 |
| 9.1.2024 | 125 | 150 | 7.4 | 9 | 6 | 9 | 30 | NT | 10 | Nil | 20 |


## စွမ်းအင်သုံးစွဲမှု

မြန်မာ့သြဘာလုပ်ငန်းစု၏ စွမ်းအင်သုံးစွဲမှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်တွင် သိသိသာသာ မြင့်တက်ခဲ့ပါသည်။ စွမ်းအင်အများစုကို စက်မှုလုပ်ငန်းများမှ သုံးစွဲသည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၂၅.၆ ဂီဂါဝပ်နီးပါး သုံးစွဲခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ထုတ်လွှတ်ပေးသော လျှပ်စစ်ဓာတ်အားကို ၃၅% လျှော့ချသုံးစွဲခဲ့သော်လည်း၊ လုပ်ငန်းလည်ပတ်ရန် ဒီဇယ်အင်ဂျင်များကို ပိုမိုအသုံးပြုခဲ့ရပါသည်။ ထို့အပြင် တောင်သူများနှင့် ဖြန့်ဖြူးရောင်းချသူများထံ သွားရောက်လည်ပတ်သည့် လှုပ်ရှားမှုများ ပြန်လည်စတင်ခဲ့သဖြင့် ဓာတ်ဆီသုံးစွဲမှုများလည်း မြင့်တက်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် စွမ်းအင်သုံးစွဲမှုကို လျှော့ချရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရန် နည်းလမ်းများကိုလည်း စဉ်းစားဆောင်ရွက်လျက်ရှိပါသည်။


စွမ်းအင်သုံးစွဲမှု တိုးတက်ပြောင်းလဲခြင်း (ကီလိုဝပ်)




## ကုန်ကြမ်းသုံးစွဲမှု

၂၀၂၄ ခုနှစ်တွင် ကုန်ကြမ်းပေါင်း တန်ချိန် ၁၈၃,၃၄၈ တန်ကို သုံးစွဲခဲ့ပြီး ၎င်းတို့အနက် ၉၇% သည် အန္တရာယ်ရှိသော ကုန်ကြမ်းပစ္စည်းများဖြစ်ကာ ပြည်ပမှတင်သွင်းခဲ့ခြင်းဖြစ်သည်။ ကုန်ကြမ်းတင်သွင်းမှုတွင် အခက်အခဲများစွာ ကြုံတွေ့ရသည့်အတွက် တောင်သူဦးကြီးများထံ ကုန်ပစ္စည်းပို့ဆောင်နိုင်မှုများကို မပြတ်လတ်စေရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်၍ ကုန်ကြမ်းများကို တိုးမြှင့်သိုလှောင်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။ သို့သော်၊ နိုင်ငံခြားငွေဖြင့် ငွေကြေးလဲလှယ်နိုင်မှုမှာ အလွန်အားနည်းနေဆဲဖြစ်သဖြင့်၊ စာမျက်နှာ ၁၉ တွင် ဖော်ပြထားသော ဇီဝမြေသြဇာနှင့် ပြောင်းဖူးအခြောက်ခံစက်ရုံ စီမံကိန်းများသည် ကျွန်ုပ်တို့အတွက် အရေးပါသော ဗျူဟာများဖြစ်ခဲ့ပါသည်။

ကုန်ကြမ်းသုံးစွဲမှု တိုးတက်ပြောင်းလဲလာခြင်း(တန်)





## စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု

မြန်မာ့သြဘာလုပ်ငန်းစုသည် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုကို ၂၀၂၃ ခုနှစ်တွင် ၄,၀၄၀ တန်မှ ၂၀၂၄ ခုနှစ်တွင် ၅၇၆ တန်သို့ သိသာစွာဖြင့် လျှော့ချနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ ရေဆိုးသန့်စင်စက်ရုံကြောင့်

- အန္တရာယ်မရှိသော အရည်စွန့်ပစ်ပစ္စည်း (non-hazardous liquid waste) ထုတ်လုပ်မှုကို အပြီးတိုင်ရပ်ဆိုင်းနိုင်ခဲ့သည်။
- ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား အန္တရာယ်ရှိသော အစိုင်အခဲစွန့်ပစ်ပစ္စည်း (hazardous solid waste) ထုတ်လုပ်မှုကို ၅၈% လျှော့ချနိုင်ခဲ့သည်။
- ကုန်ပစ္စည်းထုတ်လုပ်ရာမှ ဖြစ်ပေါ်လာသော အန္တရာယ်ရှိသော အရည်စွန့်ပစ်ပစ္စည်း (hazardous liquid waste) ၁၀၀% ကို သန့်စင်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် စွန့်ပစ်ပစ္စည်းများမှ ၇၆% ကို ထုတ်ပိုးမှုတွင် ပြန်လည်အသုံးပြုခဲ့သည်။ ၂၁% ကို ဖို့မြေအမှိုက်ပုံများသို့ ပို့ဆောင်ခဲ့ပြီး၊ ကျန် ၃% ကို သန့်စင်ကာ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်သက်ရောက်မှုများကို လျှော့ချခဲ့ပါသည်။

စွန့်ပစ်ပစ္စည်းထုတ်လုပ်မှု တိုးတက်ပြောင်းလဲလာခြင်း (တန်)







# ဒေသတွင်းစီးပွားရေးကို ပံ့ပိုးခြင်း

မြန်မာ့ဩဘာလုပ်ငန်းစုသည် တောင်သူဦးကြီးများထံသို့ ထုတ်ကုန်များဖြန့်ဖြူးနိုင်ရန် နိုင်ငံတဝှမ်းရှိ ဖြန့်ဖြူးသူ ၄,၆၀၀ ကျော်ကို မှီခိုအားထားလျက်ရှိသည်။ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသော ကျွန်ုပ်တို့၏ ဖြန့်ဖြူးရောင်းချသူများအား ကူညီပေးနိုင်ရန်ရည်ရွယ်ကာ ကျွန်ုပ်တို့သည် ၎င်းတို့နှင့် နီးကပ်စွာဆက်သွယ်ပြီးငွေပေးချေမှုစည်းမျဉ်းများကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါသည်။ ကျွန်ုပ်တို့၏ ထုတ်ကုန်များကို ဖြန့်ဖြူးပို့ဆောင်ပေးချိန်တွင် ကုန်စည်ထောက်ပံ့ရေးဆိုင်ရာကွင်းဆက်တစ်လျှောက် ပါဝင်သူများ၏ ဘေးကင်းလုံခြုံရေးကို အမြဲဦးစားပေးလျက်ရှိပါသည်။

ပဋိပက္ခများကြောင့် ရခိုင်၊ ကချင်၊ စစ်ကိုင်းနှင့် ရှမ်းပြည်မြောက်ပိုင်းကဲ့သို့ ဒေသများတွင် လုပ်ငန်းများ ထိခိုက်ခဲ့သဖြင့်၊ ထိုဒေသများတွင် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အထူးသဖြင့် လုပ်ဖော်ကိုင်ဖက်များထံမှ ငွေကြေးကောက်ခံမှုနည်းလမ်းများကို ပြောင်းလဲခဲ့ရပါသည်။ အန္တရာယ်များကို လျှော့ချရန်အတွက် ကျွန်ုပ်တို့သည် မူဝါဒများကို ပြင်ဆင်ခဲ့ပြီး ငွေပေးချေမှုကို ကုန်ပစ္စည်းအပ်နှံပြီးမှ လက်ခံခြင်း၊ ကြိုတင်ငွေပေးချေမှုစနစ် နှင့် အွန်လိုင်းဘဏ်စနစ်များသို့ ကူးပြောင်းခြင်း စသည်တို့ကို အကောင်အထည်ဖော်ခဲ့ပါသည်။ ပဋိပက္ခများကြောင့် လုပ်ဖော်ကိုင်ဖက်များထံမှ အချိန်မီငွေပြန်ပေးဆပ်နိုင်ရန် အခက်အခဲများ ရှိပါကလည်း၊ ကျွန်ုပ်တို့နှင့် ငွေပေးချေမှုစည်းမျဉ်းများကို ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးနိုင်ပါသည်။

ကုန်စည်ထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းစဉ် တိုးတက်ပြောင်းလဲလာမှု




နိုင်ငံတကာကုမ္ပဏီများနှင့် ငွေကြေးလွှဲပြောင်းရာတွင် အခက်အခဲများစွာရှိသဖြင့် မြန်မာ့ဩဘာလုပ်ငန်းစုသည် ဒေသတွင်းကုမ္ပဏီများနှင့် အဓိကပူးပေါင်းလုပ်ကိုင်ပါသည်။

၂၀၂၄ ခုနှစ်တွင် ကျွန်ုပ်တို့သည် ကုန်ကြမ်းပေးသွင်းသူ ၁,၅၀၀ နီးပါးနှင့် လုပ်ကိုင်ခဲ့ပြီး ၎င်းတို့၏ ၉၇% မှာ မြန်မာနိုင်ငံအခြေစိုက် လုပ်ငန်းများဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ကုန်ကြမ်းပေးသွင်းသူများအပေါ် ကျွန်ုပ်တို့၏ ငွေသုံးစွဲမှုမှာ ၂၀၂၃ ခုနှစ်တွင် ၅၃% မှ ၂၀၂၄ တွင် ၈၉% အထိ တိုးတက်လာခဲ့ပါသည်။

ကျွန်ုပ်တို့သည် ဖြန့်ဖြူးရောင်းချသူများနှင့် ကုန်ကြမ်းပေးသွင်းသူများမှတစ်ဆင့် နိုင်ငံတစ်ဝှမ်းရှိ မိသားစုများ၏ အသက်မွေးဝမ်းကြောင်းကို အပြုသဘောဖြင့် ထောက်ပံ့နိုင်ရန် သွယ်ဝိုက်သောနည်းဖြင့် အလုပ်အကိုင်ထောင်ပေါင်းများစွာကို ဖန်တီးပေးနိုင်ခဲ့ပါသည်။

လုပ်ငန်းလုပ်ကိုင်ရာတွင် လုပ်ဖော်ကိုင်ဖက်များ နှင့် ပူးပေါင်းဆောင်ရွက်သည့်အခါ၊ ကျွန်ုပ်တို့၏ မူဝါဒများကို ကုန်စည်ထောက်ပံ့ရေးဆိုင်ရာ ကွင်းဆက်တစ်လျှောက် လိုက်နာကျင့်သုံးပါသည်။ ကျွန်ုပ်တို့၏ ပြောင်းဖူးအခြောက်ခံစက်ရုံတည်ဆောက်နေရာနယ်မြေဖြစ်သော ရှမ်းပြည်နယ်တွင်ကုန်ကြမ်းပေးသွင်းသူအမြောက်အများအား တာဝန်ပေးထားရသည်ဖြစ်သည့်အလျောက်၎င်းတို့၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်းများကို လိုက်နာမှုရှိစေရန်အတွက် စနစ်တကျ စောင့်ကြည့်ခဲ့ပါသည်။ အလားတူပင်၊ အလုပ်တူညီပါက အမျိုးသားနှင့် အမျိုးသမီးများ လုပ်ခလစာတူညီစွာရရှိစေရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ဤမူဝါဒများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းခွင်အား မကြာခဏ စစ်ဆေးခဲ့ပြီး လုပ်ဖော်ကိုင်ဖက်များ ထံမှ အစီရင်ခံစာများကိုလည်း ပုံမှန်လက်ခံခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် မြန်မာ့ဩဘာလုပ်ငန်းစုသည် အကျိုးတူလယ်ယာစနစ်ဖြင့်လုပ်ကိုင်သည့် စိုက်ပျိုးရေး လုပ်ငန်းများကို တိုးချဲ့လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် တောင်သူဦးကြီးများ နှင့် နီးကပ်စွာ ပူးပေါင်းကာ ပြောင်း၊ ပဲမျိုးစုံနှင့် နေကြာ အစရှိသော အပင်နှင့် မျိုးစေ့များ ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဤနည်းဖြင့် ဒေသတွင်း တောင်သူဦးကြီးများအား သူတို့၏ သီးနှံများကို ရောင်းချသည့်အခါ ရရှိမည့်ဈေးနှုန်းများကို ကြိုတင်သိရှိနိုင်စေပြီး၊ သူတို့၏ အရင်းအမြစ်များကို ပိုမိုထိရောက်စွာ စီမံနိုင်စေခဲ့ပါသည်။ ကျွန်ုပ်တို့အတွက် ဤနည်းလမ်းသည် အရည်အသွေးမြင့်မားသောထုတ်ကုန်များကိုရရှိစေပြီး၊တင်သွင်းမှုကန့်သတ်ချက်များကြောင့်ဖြစ်ပေါ်သောဈေးကွက်လိုအပ်ချက်များကိုကိုင်တွယ်ဖြေရှင်းနိုင်ကာ ထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့နိုင်ပါသည်။

